dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"What are the Scenarios after the Election?"***

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ “ ၂၀၁၅ ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေးဘယ်လိုအပြောင်းအလဲတွေ ဖြစ်လာမလဲ” ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

နှစ်ပေါင်း ၂၀ကျော်ကာလလွန်ပြီး မြန်မာနိုင်ငံတွင် ဒုတိယမြောက် ရွေးကောက်ပွဲကြီးအဖြစ်စတင်ဖို့ လပိုင်းအနည်းငယ်သာ လိုတော့သည်။ ယခု ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိတဲ့သူ ၂၉ သန်းကျော်ရှိပြီး ၂၀၁၀ ရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသူ၂၇သန်းကျော်သာရှိခြင်းကြောင့် ယခုအကြိမ်တွင် မဲပေးခွင့်ရှိသူဦးရေ နှစ်သန်းဂန်းကျင် ပိုမိုများပြားလာခဲ့သည်။ ဒုတိယအကြိမ် ရွေးကောက်ပွဲကို အပေါ် မျှော်လင့်စောင့်စားခဲ့သူတို့အတွက် ယခုအကြိမ်သည် မျှော်လင့်ချက်မည်မျှကို ဖြည့်စွမ်းပေးနိုင်မည်နည်း။

ယခုလက်တလောမှာတော့ ရွေးကောက်ပွဲအပေါ် မဲပေးရွေးချယ်ရန်စိတ်ဂင်စားသူ နည်းပါးနေသည်ဟု လေ့လာသူများနှင့် နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများအရသိရှိရပေသည်။ သမ္မတကြီးက ရွေးကောက်ပွဲဖြစ်မြောက်နိုင်ရန်အတွက် နိုင်ငံရေးတည်ငြိမ်ရန်အရေးကြီးကြောင်း ပြောကြားမှုများ ရှိသကဲ့သို့ ရွေးကောက်ပွဲပြုလုပ်နိုင်ခြင်းရှိမရှိဒွိဟ ဖြစ်နေသူတို့လည်း ရှိနေပေသည်။

ယခုလများအတွင်း ထွက်ရှိလာသည့် မဲစာရင်းများတွင် နေရာတိုင်းလိုလို၌ မဲဆန္ဒရှင်စာရင်းအမှားများ ဖြစ်ပေါ်နေခြင်းကလည်း လူထု၏ ယုံကြည်မှုကိုလျော့ကျစေပြီး ရွေးကောက်ပွဲကို စိတ်ဂင်စားမှုလျော့ကျစေမှုတွင် တစ်ခုအပါ အဂင်ဖြစ်နေသည်။ ထို့အပြင် ဇွန်လ ၂၅ ရက်နေ့က တိုက်ရိုက်ကြည့်ရှုခွင့်ရခဲ့သည့် လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့သည့် အခြေခံဥပဒေပြင်ဆင်ခွင့်များထဲမှ အများစု စိတ်ဂင်စားသည့် ၄၃၆ (က)ကိုမဲခွဲ ဆုံးဖြတ်ခဲ့မှု အပြီးတွင် လွှတ်တော်တွင်း၌ တပ်၏ထိန်းချုပ်မှုရှိနေသည်ဟု သုံးသပ်ခဲ့ကြသည်။

အပြီးမသတ်သေးသည့် ငြိမ်းချမ်းရေးညှိနှိုင်းမှုများ၊ သဘာဂသယံဇာတခွဲဂေရေး၊ ပြည်တွင်းရှိ နိုင်ငံသားများ၏ နိုင်ငံရေးရေချိန် ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဂင်ရောက်လာနိုင်မှုနှင့် နိုင်ငံ့စီးပွားရေးရေချိန် တင်ပေးနိုင်မှု၊ပထဂီနိုင်ငံရေးအရ အချက်အချာတွင်ရှိနေသည့် မြန်မာနိုင်ငံကို ပါးနပ်စွာကိုင်တွယ်နိုင်ခြင်း၊ ကျောင်းသားအရေး၊ အလုပ်သမားအရေး စသည့်အရေးပေါင်းများစွာတို့ ဖြစ်ပေါ်လျက်ရှိသည့် မြန်မာနိုင်ငံသည် မည်ကဲ့သို့သော ခေါင်းဆောင်မျိုးကို အလိုရှိနေပြီး တည့်မတ်စွာရမရ စသည့်အကြောင်းအရာများနှင့် ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာနိုင်မည့် မြန်မာ့နိုင်ငံရေး အပြောင်းအလဲကို ယခုတစ်ပတ် ဒီဘိတ်အစီအစဉ်က ချဉ်းကပ်ကြည့်မည် ဖြစ်ပါသည်။

## သူတို့အမြင်

“မြန်မာနိုင်ငံရဲ့ လက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လွှတ်တော်ပေါ်ပေါက်လာမှ သမ္မတလောင်း သုံးယောက် ပေါ်ပေါက်လာမှာ ဖြစ်လို့ အခုကြိုသတင်းပေးထားစရာ မလိုဘူးလို့ ပြောရင် ဥပဒေအရတော့ မှန်ပါတယ်။ သို့သော်ငြားလည်း ခေါင်းဆောင်မှု အခန်းကဏ္ဍ (Leadership) ရဲ့ အရေးပါမှုကို မျက်ကွယ်ပြုလို့ မရပါဘူး။ လူထုဟာ သူတို့ကို ဘယ်သူက ဦးဆောင်တော့မယ် ဆိုတာကို ရှင်းရှင်းလင်းလင်း သိထားလိုတဲ့ဆန္ဒ အပြည့်အဝ ရှိနေကြပါတယ်။” **ပိုက်တင်** - နိုင်ငံရေးဆောင်းပါးရှင်

“ ရွေးကောက်ပွဲမှာ NLD က အားလုံးအကြီးအကျယ် အနိုင်ရသွားလို့ ကျွန်တော်တို့အင်အားရှိတယ်ဆိုရင်၊ ဥပဒေကန့်သတ်ချက်အရ ဒေါ်စုသမ္မတမဖြစ်ဘူးဆိုရင် ကျွန်တော်တို့ လူရှာရမှာပေါ့။ ဒါကဖြစ်နိုင်ပါတယ်၊ ကြိုပြီး လူရှာတာတော့ မရှိသေးဘူး၊ ဒီ Subject ကို ဆွေးနွေးတာရှိတယ်၊ လူရှာတာတော့ မရှိသေးဘူး။

**ဦးဉာဏ်ဂင်း** - NLD ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဂင်

*Information links:*

www.thevoicemyanmar.com
www.dvbdebate.net
www.Burmese.dvb.no
www.facebook.com/dvb.debate